လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

Ministry of Social Welfare, Relief and Resettlement

Office No. (23), Nay Pyi Taw

Monthly Newsletter သတင်းလွှာ March 2025


## အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာကော်မတီအရေးပေါ်လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပပြုလုပ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြား



**၂၀၂၅ ခုနှစ်၊ မတ်လ ၂၉ ရက်** **နေပြည်တော်**

အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည့် အမျိုးသားသဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ အရေးပေါ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်အဖွင့် အမှာစကား ပြောကြားရာတွင် မတ်လ ၂၈ ရက်နေ့တွင် ဖြစ်ပေါ်ခဲ့သည့် အင်အားပြင်းမြေငလျင်ကြောင့် တိုင်းဒေသကြီး၊ ပြည်နယ် (၆)ခု တို့ရှိ လမ်းတံတား၊ အဆောက်အဦများ ထိခိုက်ပျက်စီးမှု၊ အသက်သေဆုံးမှုနှင့် ထိခိုက်ဒဏ်ရာ ရရှိမှုတို့ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ပါသည်။

ထို့နောက် ကော်မတီဒုတိယဥက္ကဋ္ဌ (၂) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းနှင့် ကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့က မတ်လ ၂၈ ရက်တွင် ဖြစ်ပေါ်ခဲ့သည့် အင်အားပြင်း ငလျင်ကြောင့် ပျက်စီးဆုံးရှုံးမှု အခြေအနေများ၊ ကယ်ဆယ်ရေးလေယာဉ်များနှင့် ပစ္စည်းများ ရောက်ရှိမှု အခြေအနေများ၊ ကယ်ဆယ်ရေးယာဉ်များ အတွက် ပို့ဆောင်ဆက်သွယ်ရေးလမ်းကြောင်း ဆောင်ရွက်ထားမှုအခြေအနေများ၊ ဆက်သွယ်ရေးနှင့် လမ်းပန်း

ဆက်သွယ်ရေးများ ပြန်လည်ရရှိရေး အမြန်ဆုံး ဆောင်ရွက် ပေးနေသည့်အခြေအနေများ၊ အရေးပေါ် ကူညီကယ်ဆယ် ရေးဆောင်ရွက်နေမှုများ၊ ဘဏ္ဍာငွေ ခွဲဝေသုံးစွဲမှုအခြေအနေများ၊ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆက်လက် ဆောင်ရွက်သွားမည့် အစီအမံများကို ဆွေးနွေး တင်ပြခဲ့ကြပါသည်။

ထို့နောက် ဆွေးနွေး တင်ပြမှုများအပေါ် အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံ ခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ဝန်ထမ်းအိမ်ရာအလိုက် ယာယီမိုးကာတဲများဖြင့် အိမ်ရာနှင့် အနီးဆုံးပန်းခြံ၊ အရိပ်ရှိကွက်လပ်ကျယ်၌ ထားရှိရေး၊ နေ့စဉ်သန့်ရှင်းသောသောက်ရေရရှိရေး၊ အုပ်ချုပ်မှုနှင့် ကျန်းမာရေး ဆိုင်ရာကိစ္စဖြေရှင်းနိုင်ရေး၊ စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်း ဆိုင်ရာ ကျန်းမာကြံ့ခိုင်ရေး ကူညီဆောင်ရွက်ပံ့ပိုးပေးမည့် ကိစ္စရပ်များ၊ ဝန်ထမ်းများအတွက် လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံတကာ အကူအညီ လာရောက်မှုအပေါ် အဆင်ပြေချောမွေ့စေရေး အဆိုပါ အဖွဲ့အတွက် ဆက်ဆံရေးအရာရှိ၊ ကူညီကယ်ဆယ်ရေး အတွက် တွဲဖက်ပေးရမည့် ပြည်တွင်းမှ ဘေးအန္တရာယ် ဆိုင်ရာကူညီကယ်ဆယ်ရေးအဖွဲ့များထားရှိရေးကိစ္စရပ်များ၊ တည်းခိုနေထိုင်ရေးကိစ္စရပ်များနှင့်လိုအပ်နယ်မြေ အလိုက် ကူညီကယ်ဆယ်ရေး၊ ဆေးပစ္စည်းကူညီ ပေးရေးခွဲဝေ တာဝန်ပေးရန်ကိစ္စရပ်များအား NDMC အဖွဲ့ဝင်များနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပါသည်။

**ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ကိုယ်ဝန်ဆောင် မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက်(၂)နှစ်အောက် ကလေးသူငယ်များအား ငွေကြေးထောက်ပံ့ခြင်း အစီအစဉ်(MCCT)နှင့် လူမှုရေးပင်စင်အစီအစဉ်တို့မှ အကျိုးခံစားခွင့်ရှိသူများကို ထောက်ပံ့ကြေးထုတ်ယူနေမှုများအား**



**၂၀၂၅ ခုနှစ်၊ မတ်လ ၄ ရက်** **ဧရာဝတီတိုင်းဒေသကြီး**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းနှင့် ဧရာဝတီတိုင်းဒေသကြီး လူမှုရေးဝန်ကြီးတို့သည် တာဝန်ရှိသူများ လိုက်ပါလျက်ဧရာဝတီတိုင်းဒေသကြီးပုသိမ်မြို့ရှိ မြန်မာ့စီးပွားရေးဘဏ်တွင် ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက် (၂) နှစ်အောက် ကလေးသူငယ်များအား ငွေကြေးထောက်ပံ့ခြင်း (MCCT)အစီအစဉ်နှင့် အသက် (၈၅)နှစ် အထက်သက်ကြီးများကို ထောက်ပံ့သော လူမှုရေးပင်စင် အစီအစဉ်မှ အကျိုးခံစားခွင့်ရှိသူများ မြန်မာ့စီးပွားရေးဘဏ်တွင် ထောက်ပံ့ကြေးငွေ ထုတ်ယူ နေမှုများအား ကြည့်ရှုအားပေးခဲ့ပါသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပုသိမ် အိမ်တွင်းမှုသက်မွေး သင်တန်းကျောင်းသို့ သွားရောက်၍ သင်တန်းသားများအား တိုးမြှင့် သင်ကြားပေးနိုင်ရေး၊ သင်ကြားပေးသော ဘာသာရပ်များသည် သမားရိုးကျ သင်တန်းများ မဟုတ်ပဲ ဆန်းသစ်တီထွင်သည့် အိမ်တွင်းမှု ဘာသာရပ်များ သင်ကြားနိုင်ရေးနှင့် သင်ကြားရရှိသည့် ဘာသာရပ်များဖြင့် အလုပ်အကိုင် အခွင့်အလမ်းများ တိုးမြှင့်ရရှိရေး ဆက်လက်ဆောင်ရွက်သွားကြရန် မှာကြားခဲ့ပါသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပုသိမ် မူလတန်းကြိုကျောင်းသို့ သွားရောက်ပြီး ကလေးများနှင့်တွေ့ဆုံ၍ ကလေးများ၏ ဖွံ့ဖြိုးမှုအခြေအနေနှင့် သင်ကြားလေ့ကျင့်နေမှု အခြေအနေတို့ကို ကြည့်ရှုပြီး ငယ်စဉ်ကတည်းက အသိပညာနှင့် ယဉ်ကျေးမှု အဆင့်အတန်း မြင့်မားသည့်လူသားစွမ်းအားစုများ ဖြစ်ပေါ်စေရေးအတွက် မူကြိုအရွယ်နှင့်သင့်လျော်သည့် လိမ္မာရေးခြားရှိမှု၊ ကိုယ်ချင်းစာ တရားရှိမှုစသည်တို့ကို ကလေးများနားလည် နိုင်မှုအခြေအနေ ပေါ်မူတည်၍ ကဗျာ၊ ပုံပြင်၊ သီချင်းတို့ဖြင့် စနစ်တကျ သင်ကြားပေးရမည်ဖြစ်ကြောင်း၊ မူကြိုအရွယ်တွင် အခြားသူများကို ဦးစားပေးတတ်သည့် အလေ့အကျင့်၊ စည်းလုံး ညီညွတ်စွာနေထိုင် တတ်သည့်အလေ့အကျင့်နှင့် မိမိကိုယ်ကို တန်ဖိုးထားတတ်သည့်စိတ်ဓာတ်ကောင်းများရရှိစေရန် သင်ကြား လေ့ကျင့်ပေးရမည်ဖြစ်ပြီး မူလတန်းကြိုကျောင်းသည် ကလေးများ၏သင်ယူမှုအခွင့်အလမ်းများအတွက် အခြေခံအုတ်မြစ်များ ဖြစ်ပါကြောင်း၊ ကလေးငယ်များသည် အနာဂတ် နိုင်ငံ့ခေါင်းဆောင်များဖြစ်လာမည့် တိုင်းပြည်၏ အဖိုးတန်ရတနာများ ဖြစ်ပါသဖြင့် သင်ယူမှု ပတ်ဝန်းကျင်ကောင်းမွန်စွာဖြင့် အခြေခံအလေ့အကျင့်ကောင်းများကို မိမိတို့ကလေးများ ရရှိစေရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း တိုက်တွန်းမှာကြားခဲ့ပါသည်။

ဆက်လက်၍ ပုသိမ်မြို့ လူမှုဝန်ထမ်းရုံးတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လက်အောက်ရှိ ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး ဝန်ထမ်းများသည် မိမိတို့၏ လုပ်ငန်းတာဝန်များကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ကြိုးပမ်းဆောင်ရွက်ရန်၊ အကျင့်စာရိတ္တကောင်းမွန်ပြီး စိတ်ဓါတ်ကောင်းများမွေးမြူနေထိုင်ရန်တို့ကို လမ်းညွှန်မှာကြားခဲ့ပါသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနတိုင်းဒေသကြီး ဦးစီးမှူးရုံးရှိ သိုလှောင်ရုံသို့ရောက်ရှိကာကယ်ဆယ်ရေး ပစ္စည်း၊ အထောက်အကူ ပစ္စည်းနှင့် အလှူပစ္စည်းများ သိုလှောင်ထားရှိမှုကိုကြည့်ရှုစစ်ဆေးပြီးကယ်ဆယ်ရေး ပစ္စည်းများအား ဘေးသင့်ပြည်သူများထံ အချိန်မီ ထောက်ပံ့နိုင်ရေးတို့ကို လမ်းညွှန်မှာကြားခဲ့ပါသည်။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း တောင်သူလယ်သမားနေ့ အခမ်းအနားပိတ်ပွဲသို့ တက်ရောက်ခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက်(၂) နှစ်အောက် ကလေးသူငယ်များအား ငွေကြေးထောက်ပံ့ခြင်း (MCCT)အစီအစဉ်နှင့် လူမှုရေးပင်စင်အစီအစဉ် ထောက်ပံ့ငွေများပေးအပ်ခြင်း၊



**၂၀၂၅ ခုနှစ်၊ မတ်လ ၅ ရက်** **ဧရာဝတီတိုင်းဒေသကြီး**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းနှင့် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းတို့သည် တာဝန်ရှိသူများ လိုက်ပါလျက် ဧရာဝတီတိုင်းဒေသကြီး၊ ကန်ကြီးထောင့်မြို့နယ်၊ ဝါးဒူးကျေးရွာ၌ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ကျင်းပပြုလုပ်သော ၂၀၂၅ ခုနှစ်၊ (၆၃) ကြိမ်မြောက် တောင်သူလယ်သမားနေ့ အခမ်းအနား ပိတ်ပွဲသို့ တက်ရောက်ခဲ့ပါသည်။

၎င်းနောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်တို့သည် တာဝန်ရှိသူများလိုက်ပါလျက် ကန်ကြီးထောင့်မြို့နယ်၊ ဝါးဒူးကျေးရွာတွင် ခင်းကျင်းပြသထားသော ပြခန်းများနှင့် သီးနှံစိုက်ခင်းများ၊ ထုတ်ကုန်ပစ္စည်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြပါသည်။

ယင်းနောက် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးဧည့်ရိပ်သာ၌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း MCCT အစီအစဉ်အတွက် ၉.၈ ဘီလီယံကျပ် ကိုလည်းကောင်း၊ လူမှုရေးပင်စင် အစီအစဉ် အတွက် ၂.၃ ဘီလီယံကျပ်ကိုလည်းကောင်း ပြည်ထောင်စုဝန်ကြီးက ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်ထံ လွှဲပြောင်းပေးအပ်ခဲ့ပါသည်။

ဆက်လက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိသူများလိုက်ပါလျက် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း အသုံးစရိတ် ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်လျက်ရှိသော ကန်ကြီးထောင့် မူလတန်းကြိုကျောင်း ကျောင်းဆောင်ဆောက်လုပ်နေမှုများအား သွားရောက်ကြည့်ရှုခဲ့ပါသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အဆောက်အဦများဆောက်လုပ်ရာတွင် ခိုင်ခံ့၍ ရေရှည် အသုံးပြုနိုင်သော အဆောက်အဦဖြစ်စေရေး၊ သတ်မှတ်ကာလအတွင်းအချိန်မီ ဆောက်လုပ်ပြီးစီးရေး၊ ခွင့်ပြုရရှိ

ထားသော ရန်ပုံငွေကို အကျိုးရှိထိရောက်သော အသုံးပြုမှုဖြစ်စေရေးတို့အတွက် တာဝန်ရှိသူ အဆင့်ဆင့် က အလေးထားဆောင်ရွက်ကြရန် မှာကြား ခဲ့ပါသည်။ ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ မြို့နယ်ရှိ မြို့နယ်လူမှုဝန်ထမ်းရုံးသို့ ရောက်ရှိခဲ့ရာ မြို့နယ်ဦးစီးမှူးမှ လှိုင်သာယာမြို့နယ် အတွင်းတွင် လူမှုဝန်ထမ်းလုပ်ငန်းရပ်များ ဆောင်ရွက် နေမှုများအား ရှင်းလင်းတင်ပြခဲ့ပါသည်။ ပြည်ထောင်စု ဝန်ကြီးက လုပ်ငန်းများ ဆောင်ရွက်ရာတွင် စေတနာထားပြီး ဆောင်ရွက်ရန်၊ ဝန်ထမ်းများအနေဖြင့် ဝန်ထမ်း စည်းမျဉ်းစည်းကမ်းများအတိုင်း လိုက်နာ၍ စည်းစည်း လုံးလုံးညီညီညွတ်ညွတ်ဖြင့် လုပ်ငန်းတာဝန်များကို ထမ်းဆောင်ကြရန် လမ်းညွှန်မှာကြားခဲ့ပါသည်။

၎င်းနောက် လှိုင်သာယာမူလတန်းကြိုကျောင်း အမှတ် (၁)သို့ သွားရောက်ကြည့်ရှုပြီး ကလေးများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ငယ်စဉ်ကတည်းက အများနှင့်ပူးပေါင်း ဆောင်ရွက်နိုင်ရန် လေ့ကျင့် သင်ကြားပေးခြင်း၊ ကိုယ်ချင်းစာနာစိတ်များရှိရန်နှင့် လူမှုသဟဇာတ ဖြစ်ရန်တို့ကို သင်ကြားပို့ချခြင်းစသည့် အလေ့အကျင့်ကောင်းများဖြင့် ပြုစုပျိုးထောင်ပေးစေ လိုကြောင်း၊ သို့မှသာ ဗလ (၅)တန်နှင့် ပြည့်စုံသော ကလေးများသည် နိုင်ငံအတွက် အရေးကြီးသော လူ့စွမ်းအားများ ဖြစ်လာမှာဖြစ်ကြောင်း မှာကြားခဲ့ပြီး မူလတန်းကြိုကျောင်းများတွင် ကလေးများနှင့် ရင်းရင်း နှီးနှီးတွေ့ဆုံခဲ့ပါသည်။

## ၂၀၂၅ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အခမ်းအနားကျင်းပ




### ၂၀၂၅ ခုနှစ်၊ မတ်လ ၈ ရက်

၂၀၂၅ ခုနှစ်၊ မတ်လ (၈) ရက်နေ့တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အခမ်းအနားကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ စုပေါင်း အစည်း အဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် မြန်မာနိုင်ငံ လုံးဆိုင်ရာ အမျိုးသမီး ကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက အဖွင့်အမှာစကားပြောကြားရာတွင် ယခု ၂၀၂၅ ခုနှစ် သည် ဘေဂျင်းညီလာခံ၏ နှစ် ၃၀ မြောက်နှစ်ပတ်လည် ဖြစ်သည်နှင့်အညီ ကျား/ မ တန်းတူညီမျှရေးနှင့် အမျိုးသမီးများ စွမ်းဆောင်ရည် မြှင့်တင်ရေးတို့ကို အင်တိုက်အားတိုက် အကောင်အထည်ဖော်ရမည် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း ဘေဂျင်း လုပ်ငန်းစီမံချက်ပါ ဦးစားပေးလုပ်ငန်းနယ်ပယ် ၁၂ ရပ် ကို အခြေခံပြီး “အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ နိုင်ငံတော်အဆင့်မဟာဗျူဟာ စီမံကိန်း” ကို ရေးဆွဲပြီး ဦးဆောင်ကော်မတီ (၁) ရပ်၊ လုပ်ငန်း ကော်မတီ (၁၂) ရပ်ဖြင့် အကောင် အထည်ဖော်လျက် ရှိပါကြောင်း၊ ၂၀၂၅ ခုနှစ်တွင် ကမ္ဘာပေါ်ရှိ လူဦးရေ

သန်း (၈) ထောင်ကျော် ရှိသည့်အနက် ကမ္ဘာ့အမျိုးသမီးသည် သန်း (၄) ထောင်ကျော် (၄၉.၇၃) ရာခိုင်နှုန်း ရှိပါကြောင်း၊ ယခင်နှစ် စာရင်းများအရ ကမ္ဘာတစ်ဝှမ်း လက်နက်ကိုင်ပဋိပက္ခများအကြားတွင် အမျိုးသမီးနှင့် မိန်းကလေးငယ် (၆၁၂) သန်း ရင်ဆိုင်ကြုံတွေ့ခဲ့ကြရပါကြောင်း၊ အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း (UNCEDAW) နှင့်အညီ အမျိုးသမီးများ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာနယ်ပယ် အားလုံးတွင် အမျိုးသမီးများ၏ ပါဝင်မှုကို တိုးမြှင့်ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်လျက်ရှိသလို အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများကိုလည်း လျော့နည်းပပျောက်သွားအောင် အသိပညာပေးခြင်း၊ ကူညီစောင့်ရှောက်ခြင်း များကိုလည်း ဆောင်ရွက်ပေးရန်လိုပါကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်၏ သဝဏ်လွှာနှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဝင် အမျိုးသမီးအဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များ မှတ်တမ်းဗီဒီယိုကို ပြသခဲ့ပါသည်။ ထို့နောက် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အခမ်းအနားသို့ တက်ရောက်သူများသည် ခင်းကျင်းပြသထားသော အမျိုးသမီးကျောင်းများနှင့် အမျိုးသမီးအဖွဲ့ များ၏ ထုတ်ကုန်ပစ္စည်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြပါသည်။

## သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုဌာန လျှော့ချဘေးအန္တရာယ်ဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



**၂၀၂၅ ခုနှစ်၊ မတ်လ ၃၁ ရက်** **နေပြည်တော်**

သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို (၃၁-၃-၂၀၂၅) ရက်နေ့ (၀၉:၃၀) နာရီတွင် အမျိုးသား သဘာဝဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှု ကော်မတီ ဒုတိယဥက္ကဋ္ဌများ ဦးဆောင်၍ ကျင်းပပြုလုပ်ခဲ့ရာ အစည်းအဝေးတွင် အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်က လျှော့ချဘေးအန္တရာယ်ကြောင့် ၃၁-၃-၂၀၂၅ နံနက်ပိုင်း အထိ သေဆုံး ၁၆၅၉ ဦး၊ ဒဏ်ရာရ ၃၅၃၄ ဦး

ပျောက်ဆုံး ၂၈၄ ဦး ရှိပါကြောင်း၊ တုံ့ပြန်ဆောင်ရွက်မှု အနေဖြင့် ရှာဖွေကယ်ဆယ်ရေးအဖွဲ့များ၏ ရှာဖွေမှုဖြင့် အသက်ရှင်လျက် ရှာဖွေကယ်ဆယ်နိုင်သူ ၆၄၃ ဦး၊ Dead Body ၄၃၉ ဦးဖြစ်ကြောင်း၊ ဘေးသင့်သူများ ယာယီ နေရာချထားနိုင်ရေးနှင့် သောက်သုံးရေ၊ အစားအသောက်၊ မိလ္လာကိစ္စများ ဖြည့်ဆည်းပေးနိုင်ရေး၊ ဝန်ထမ်းအိမ်ရာ ပျက်စီးမှုများအားအမြန်စိစစ်၍ ပြန်လည်နေထိုင်ရရှိနိုင်မှုနှင့် ရွှေ့ပြောင်းပေးရန် လိုအပ်မှုများ စာရင်းကောက်ယူနိုင်ရေး၊ ဝန်ကြီးဌာနများ အလိုက် ယာယီရုံးများဖွင့်လှစ်၍ လုပ်ငန်းဆောင်ရွက်နိုင်ရေး၊ ယာယီအစီအစဉ်ဖြင့် လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်ရေး၊ လုံခြုံရေးကိစ္စရပ်များ အတွက် သက်ဆိုင်ရာ ကဏ္ဍအလိုက် ကြပ်မတ်ဆောင်ရွက်သွားကြရန်မှာကြားခဲ့ပါသည်။

ထို့နောက်အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ (၂) က ပြောကြားရာတွင် နိုင်ငံတကာ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များအနေဖြင့် တရုတ်၊ အိန္ဒိယ၊ ရုရှား၊ စင်္ကာပူ၊ ထိုင်း၊ ဗီယက်နမ်၊ မလေးရှားနိုင်ငံများမှ လူဦးရေ ၁၀၅၆ ဦးရောက်ရှိပြီး နေရာဒေသအသီးသီးသို့ ဖြန့်ခွဲကာ ရှာဖွေ ကယ်ဆယ်ရေးလုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်လျက် ရှိပါကြောင်း၊ အဆိုပါ အဖွဲ့များတွင် ဆေးကုသရေးအဖွဲ့များလည်း ပါရှိပြီး ကျန်းမာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်း၍ ပူးပေါင်းဆောင်ရွက်လျက် ရှိပါကြောင်း၊ နိုင်ငံတကာအကူအညီများ ကမ်းလှမ်းလာပါက ပြန်လည်ထူထောင်ရေးဆိုင်ရာ တည်ဆောက်ရေးပစ္စည်းများကို ဦးစားပေးလက်ခံကြစေလိုပါကြောင်းနှင့် ကော်မတီများအလိုက် စနစ်တကျဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားပြီး လုပ်ငန်းကော်မတီများမှ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များက သက်ဆိုင်ရာလုပ်ငန်းအလိုက် ဆောင်ရွက်နေမှုများကို တင်ပြကြပါသည်။ တင်ပြချက်များအပေါ် ဒုတိယဥက္ကဋ္ဌများက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါသည်။

**ဒုတိယဝန်ကြီး ဦးစိုးကြည် (၉) ကြိမ်မြောက် ဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေး၊ တုံ့ပြန်ဆောင်ရွက်ရေးနှင့် ပြန်လည်ကုစားရေး လုပ်ငန်းအဖွဲ့အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်**




**၂၀၂၅ ခုနှစ်၊ မတ်လ ၂၀ ရက်** **ရန်ကုန်တိုင်းဒေသကြီး**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပပြုလုပ်သည့် (၉) ကြိမ်မြောက် ဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေး၊ တုံ့ပြန်ဆောင်ရွက်ရေးနှင့် ပြန်လည်ကုစားရေး လုပ်ငန်းအဖွဲ့ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ရှိ Pan Pacific Hotel ၌ ကျင်းပပြုလုပ်ရာ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ဒုတိယဝန်ကြီး ဦးစိုးကြည် တက်ရောက်အဖွင့် အမှာစကား ပြောကြားခဲ့ပါသည်။

ဒုတိယဝန်ကြီးမှ ပြောကြားရာတွင် အစည်းအဝေး၌ အာဆီယံဒေသတွင်း ဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေး၊ တုံ့ပြန်ဆောင်ရွက်ရေးနှင့် ပြန်လည်ကုစားရေးလုပ်ငန်းများ တိုးမြှင့် ဆောင်ရွက်ရန်ဟူသည့် အာဆီယံ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီ (ACDM) ၏ ကတိကဝတ်ကို အကောင်အထည် ဖော်ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ အာဆီယံသည် လွန်ခဲ့သော ဆယ်စုနှစ်လွန်ကာလများက နိုင်ငံရေးနှင့် စီးပွားရေးကို အလေးထား ဆောင်ရွက်ရာမှ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးနှင့်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကဏ္ဍကိုပါ အလေးပေးဆောင်ရွက်လာကာ အာဆီယံ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီ (ASEAN Committee on Disaster Management-ACDM) ကို ဖွဲ့စည်း၍ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုနှင့် အရေးပေါ် တုံ့ပြန်မှုဆိုင်ရာ အာဆီယံသဘောတူစာချုပ် (AADMER) ကို အတည်ပြုပြဋ္ဌာန်းခြင်း၊ သဘာဝဘေး အန္တရာယ်စီမံခန့်ခွဲမှုအတွက် လူသားချင်းစာနာ ကူညီမှုဆိုင်ရာ အာဆီယံညှိနှိုင်းရေးမှူးရုံး (AHA Centre) တည်ထောင်ခဲ့ခြင်းများ ဆောင်ရွက်ခဲ့ပါကြောင်း၊ အာဆီယံဒေသတွင်း အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများကို အထောက်အကူဖြစ်စေရန် ASEAN Emergency Response and Assessment Team (ASEAN-ERAT) ကို မွေးထုတ်နိုင်ခြင်း၊ Disaster Emergency Logistics System for ASEAN (DELSA) Phase IV Project ကို အကောင်အထည်ဖော်၍ ကယ်ဆယ်ရေး ပစ္စည်းများကို အသင့် သိုလှောင်ထားရှိခြင်းနှင့် ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ အရေးပါသော စာတမ်းများရေးဆွဲ/အတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း၊ ထို့အတူ အခြားသော အာဆီယံအဖွဲ့ဝင်နိုင်ငံများနည်းတူ မြန်မာနိုင်ငံတွင်လည်း ဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းများ ထိရောက် မြန်ဆန်စွာ ဆောင်ရွက်နိုင်ရေးအတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဥပဒေနှင့်နည်းဥပဒေကို ၂၀၁၃ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်တွင် အသီးသီးပြဋ္ဌာန်းခဲ့ပါကြောင်း၊ ACDM အနေဖြင့် ASEAN Agreement on Disaster Management and Emergency Response (AADMER) Work Programme ကို အသစ်ပြန်လည်ရေးဆွဲနေပြီဖြစ်သောကြောင့် လုပ်ငန်းအဖွဲ့ အဖွဲ့ဝင်များအနေဖြင့် ခေတ်နှင့်အညီ ဆန်းသစ်ထိရောက်သည့် အဖွဲ့ဝင်နိုင်ငံများနှင့်ဒေသတွင်း အရင်းအမြစ်များအရ အမှန်တကယ် အကောင်အထည်ဖော်နိုင်သည့် လုပ်ငန်းအစီအစဉ်များကို ထည့်သွင်းရေးဆွဲနိုင်ရေးဆောင်ရွက် သွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် (၉) ကြိမ်မြောက် ဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ခြင်း၊တုံ့ပြန်ရေးနှင့်ပြန်လည်ကုစားရေး လုပ်ငန်းအဖွဲ့အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို ဆက်လက်ကျင်းပပြုလုပ်ခဲ့ကြပြီးအစည်းအဝေးသို့ ဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေး၊ တုံ့ပြန်ဆောင်ရွက် ရေးနှင့် ပြန်လည်ကုစားရေးလုပ်ငန်းအဖွဲ့ ပူးတွဲဥက္ကဋ္ဌများဖြစ်သည့် အိမ်ရှင်မြန်မာနိုင်ငံ၊မလေးရှားနိုင်ငံနှင့် စင်ကာပူနိုင်ငံ၊ လုပ်ငန်းအဖွဲ့ အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ဘရူနိုင်းဒါရုစလမ်နိုင်ငံ၊ လာအိုနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ ထိုင်းနိုင်ငံများမှ ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် အာဆီယံဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ လူသားချင်းစာနာ အကူအညီပေးရေး ညှိနှိုင်းမှုဗဟိုဌာန (AHA Centre) တို့မှ

ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပြီး အင်ဒိုနီးရှားနိုင်ငံနှင့် လေ့လာသူအဖြစ် တီမောလက်စတေနိုင်ငံတို့က Online ဖြင့်တက်ရောက်ခဲ့ကြကြောင်းနှင့် အစည်းအဝေးများကို မတ်လ (၂၀) ရက်နေ့မှ (၂၁) ရက်နေ့အထိ (၂) ရက်ကြာ ကျင်းပပြုလုပ်ခဲ့ပါသည်။

## ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာအခြေခံသင်တန်းဆင်းပွဲ



ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံသင်တန်းဆင်းပွဲ အခမ်းအနားကို ၆.၃.၂၀၂၅ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး လူမှုဝန်ထမ်းရုံး၊ အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ခဲ့ရာ တက်ရောက်သူစုစုပေါင်း (၅၀)ဦး တက်ရောက်ခဲ့ပါသည်။ အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးက အဖွင့်အမှာစကား ပြောကြားပြီး သင်တန်းနည်းပြ လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး (ငြိမ်း) ဒေါ်ခင်နွဲ့အား ဂုဏ်ပြုပြီး သင်တန်း ဆင်းလက်မှတ်များ ချီးမြှင့်ခဲ့ပါသည်။ ထို့နောက် သင်တန်းတွင် ထူးချွန်ဆု ရရှိသူများအား ဆုချီးမြှင့်ပြီး သင်တန်းသူများက တေးသီချင်းအကဖြင့် ဖျော်ဖြေတင်ဆက်ပြီး သင်တန်းသူတစ်ဦးမှ ကျေးဇူးတင်စကား ပြောကြားခဲ့ပါသည်။



## အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အထိမ်းအမှတ် အခမ်းအနား



အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အထိမ်းအမှတ်အခမ်းအနားကို မတ်လ (၈) ရက်နေ့တွင် ကယားပြည်နယ်ခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဖိတ်ကြားထားသော ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ တက်ရောက်ခဲ့ကြပါသည်။ အခမ်းအနားတွင် လွိုင်ကော်မူလတန်းကြိုကျောင်းမှ ရင်သွေးငယ်လေးများက “ထာဝရသစ္စာ” သီချင်းဖြင့်လည်းကောင်း၊ လွိုင်ကော်ပညာရေးဒီဂရီကောလိပ်မှ ကျောင်းသူလေးများက “မြန်မာ့ရှုခင်း၊ မြန်မာ့စိတ်ရင်း” သီချင်းနှင့် “အပျိုဖြန်း” သီချင်းဖြင့်လည်းကောင်း၊ နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်မှ ကျောင်းသူလေးများက “ထာဝရမြန်မာ” သီချင်းဖြင့်လည်းကောင်း၊ လွိုင်ကော်သူနာပြုနှင့် သားဖွားသင်တန်းကျောင်းမှ သင်တန်းသူလေးများက “မင်္ဂလာပါ” သီချင်းဖြင့်လည်းကောင်း ကပြဖျော်ဖြေခဲ့ကြပြီး အခမ်းအနားအား ညနေ (၁၅:၀၀) နာရီအချိန်တွင် အောင်မြင်စွာကျင်းပပြီးစီးခဲ့ပါသည်။



အလားတူ အပြည်ပြည်ဆိုင်ရာအမျိုးသမီးများ နေ့ အထိမ်းအမှတ်အခမ်းအနားကို ၈.၃.၂၀၂၅ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ချင်းတွင်းခန်းမ တွင်ကျင်းပပြုလုပ်ခဲ့ရာ စုစုပေါင်း(၂၀၀)ဦးတက်ရောက် ခဲ့ပါသည်။ အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်မှပေးပို့သည့် သဝဏ်လွှာ Video Clip နှင့် မြန်မာနိုင်ငံ၏ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက် ရေးဆိုင်ရာ သမိုင်းမှတ်တိုင်များအား Video Clip ကို လည်း ပြသပြီးနောက် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၊ မုံရွာမှ ကျောင်းသူတစ်ဦးနှင့် သူနာပြုနှင့်သားဖွား သင်တန်းကျောင်း၊ မုံရွာမှ သင်တန်းသူလေးများက ကပြဖျော်ဖြေခဲ့ပါသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများ နေ့ အခမ်းအနားကို ၈.၃.၂၀၂၅ ရက်၊ နံနက် ၀၈:၀၀ နာရီအချိန်တွင် မော်လမြိုင်မြို့၊ ပြည်နယ်ခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ စုစုပေါင်း အင်အား (၂၅၀) ဦးခန့် တက်ရောက်ခဲ့ကြပါသည်။ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက အဖွင့်အမှာစကား ပြောကြား ပြီး၊ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ သဝဏ်လွှာနှင့် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အထိမ်းအမှတ် Video Clip တို့အား ပြသခဲ့ပါသည်။

မော်လမြိုင် သားဖွား သင်တန်းကျောင်းမှ ကျောင်းသူလေးများက **“တစ်နှစ်နွမ်း တစ်နှစ်ဆန်း”** သီချင်းနှင့် **“လက်ခတ်သံ”** တေးသီချင်းကို တေးသရုပ် ဖော်ဖြင့်လည်းကောင်း၊ မော်လမြိုင်မြို့၊ အမှတ်(၁) မူလတန်းကြိုကျောင်းမှ သမီးငယ်လေးများက **“ပျူခေတ်အက”** ဖြင့် လည်းကောင်း ကပြဖျော်ဖြေ တင်ဆက်ခဲ့ပါသည်။

ဖျော်ဖြေတင်ဆက်သွားသည့်ကျောင်းသူလေး များအား မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း က ဂုဏ်ပြုဆုငွေပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ပါသည်။ ထို့နောက် တက်ရောက်လာ ကြသော ဝန်ကြီးချုပ်နှင့်ဧည့်သည်တော်များမှ ခန်းမ အတွင်း ခင်းကျင်းပြသထားသော အိမ်တွင်းမှုသက်မွေး လုပ်ငန်းပညာသင်ကျောင်းနှင့် မော်လမြိုင်(OSWSC)မှ ကျောင်းသူလေးများ၏ အိမ်တွင်းမှုထုတ်ကုန်များနှင့် မုန့်များ၊ လူမှုရေးအသင်းအဖွဲ့များမှ ခင်းကျင်းထားသည့် ပြခန်းများအား ကြည့်ရှုအားပေးခဲ့ကြပါသည်။



အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အခမ်း အနားအား မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး ဦးဆောင်မှုဖြင့် ၇၁၊ ၇၂ လမ်းနှင့် ၂၆၊၂၇ လမ်းကြားရှိ မြို့တော်ခန်းမ၌ တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး ဝန်ကြီးချုပ်ဦးမျိုးအောင်မှ အဖွင့်အမှာ စကားပြောကြား ပြီး၊ မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးမှူးရုံး လက်အောက်ရှိ အမျိုးသမီး ကလေးသင်တန်းကျောင်း၊ အမျိုးသမီးသက်မွေးအတတ်သင်ပညာသင်ကျောင်းနှင့် ဇရပ်မွန်အမျိုး သမီးပရဟိတဂေဟာမှ သမီးငယ်လေး များ၏ အကပဒေသာများဖြင့်ဖျော်ဖြေခဲ့ကြပြီးဌာနငယ်/ သင်တန်းကျောင်း များ၏ လက်မှုပညာပြခန်းများဖြင့် လှည့်လည်ကြည့်ရှု အားပေးခဲ့ကြပါသည်။

**“အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့”** အခမ်းအနားအား ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီး ကော်မတီက ကြီးမှူး၍ ၈.၃.၂၀၂၅ ရက်တွင် မရမ်းကုန်း

မြို့နယ်၊ မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ ခန်းမ (MCC) တွင် ကျင်းပပြုလုပ်ခဲ့ရာ စုစုပေါင်း (၆၅၀) ဦး တက်ရောက်ခဲ့ကြပါသည်။ အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးစိုးသိန်းမှ အဖွင့်အမှာစကားပြောကြားပြီး UN Message Video Clip ပြသခြင်း၊မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးကော်မတီဝင် အဖွဲ့အစည်းများ၏ အောင်မြင် တိုးတက်မှုများ Documentry Video Clip ပြသခြင်း၊ ဆက်လက်ပြီး ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်တက္ကသိုလ်၊ သူနာပြု တက္ကသိုလ်၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၊ ရန်ကုန် ပညာရေးတက္ကသိုလ်၊ ရန်ကုန်နိုင်ငံခြား ဘာသာ တက္ကသိုလ်၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ်များမှ ဖျော်ဖြေရေး အစီအစဉ်များဖြင့် ဖျော်ဖြေ တင်ဆက်ကပြခဲ့ကြပါသည်။ ထို့နောက် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အထိမ်းအမှတ် အကြို နိုင်ငံတကာပြိုင်ပွဲများနှင့် ကဏ္ဍအသီးသီးတွင် ဆုရရှိသော ထူးချွန်အမျိုးသမီးများ၊ ၂၀၂၅ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အထိမ်းအမှတ် အကြို Miss Yangon 2025 ပြိုင်ပွဲတွင် ဆုရရှိသူများ၊ အခြေခံပညာအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရှိသူ များနှင့် ဖျော်ဖြေရေးအစီအစဉ်တွင်ပါဝင်သည့် အဖွဲ့များ အား ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် ဇနီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၏ဇနီး၊ တာဝန် ရှိသူများမှ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုများ အသီးသီးချီးမြှင့်ခဲ့ပါသည်။




ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် နှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများက ခင်းကျင်းပြသထားသော အထိမ်းအမှတ် ဓါတ်ပုံပြခန်း လှည့်လည်ကြည့်ရှုခဲ့ကြပြီး အခမ်းအနားကို အောင်မြင် စွာကျင်းပပြီးစီးခဲ့ပါသည်။

၂၀၂၅ ခုနှစ်၊ မတ်လ ၈ရက်တွင် ကျရောက် သည့် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အခမ်း အနားကိုပုသိမ်မြို့၊ရှေ့ဝေါခန်းမတွင်ကျင်းပပြုလုပ်ရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း နှင့်ဇနီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဇနီးများ၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့များ၊ တိုင်းဒေသကြီးမိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ် ရေးအဖွဲ့နှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်း အဖွဲ့များ တက်ရောက်ခဲ့ကြပါသည်။ ဝန်ကြီးချုပ် က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်မှ ပေးပို့သည့် သဝဏ်လွှာ vedio clip နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဌာနမှ ပေးပို့သော အသိပညာပေး vedio clip အား ပြသခဲ့ပါသည်။ ထို့နောက် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အထိမ်းအမှတ် စုပေါင်းမှတ်တမ်း ဓာတ်ပုံရိုက်ကူးခဲ့ကြပြီး ငပုတောမြို့နယ်၊ သာပေါင်း မြို့နယ်၊ ကန်ကြီးထောင့်မြို့နယ်နှင့် ပုသိမ်မြို့နယ်တို့မှ ထွက်ရှိသော အမျိုးသမီးများ၏ လက်မှုထုတ်ကုန် ပစ္စည်းများ၊ ပုသိမ်မြို့နှင့် ဖျာပုံမြို့ရှိအိမ်တွင်းမှုသက်မွေး လုပ်ငန်း ပညာသင်ကျောင်းများ၏ လက်မှုပစ္စည်းများ အား ကြည့်ရှုအားပေးခဲ့သည်။

အလားတူ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများ နေ့ အထိမ်းအမှတ် အခမ်းအနားအား ၈.၃.၂၀၂၅ ရက် တွင် နေပြည်တော်ရှိ ဇမ္ဗူသီရိခန်းမတွင် ကျင်းပခဲ့ရာ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦးမှ အဖွင့် စကားပြောကြားခဲ့ရာ အပြည်ပြည်ဆိုင်ရာ အမျိုးသမီး များနေ့ အခမ်းအနား ကျင်းပခြင်းဖြင့် အမျိုးသမီးများ၏ အခန်းကဏ္ဍဖွံ့ဖြိုး တိုးတက်ရေးနှင့် စွမ်းဆောင် ရည်မြင့်မားရေးဆိုင်ရာလုပ်ငန်းများ၏ အရေးကြီးမှုကို ပိုမိုထင်ဟပ်ပေါ်လွင်စေခြင်း၊ အမျိုးသမီးများအပေါ်

နည်းမျိုးစုံဖြင့်အကြမ်းဖက်မှုမှကြိုတင်ကာကွယ်နိုင်ခြင်း နှင့်စောင့်ရှောက်မှု များပေးနိုင်ခြင်းဖြင့် အမျိုးသမီး များ၏ စွမ်းရည်များကို မြှင့်တင်ပေးနိုင်ပါရန် ပြောကြား ခဲ့ပါသည်။ အခမ်းအနားသို့ အမျိုးသမီးရေးရာအဖွဲ့ နာယက၊ဥက္ကဋ္ဌနှင့်ခရိုင်/မြို့နယ်အဖွဲ့ဝင်များ၊အမျိုးသမီး ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပါသည်။

## လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစန်းစန်းအေးသည် ရန်ကုန်မြို့ ဗဟိုအမျိုးသမီးဆေးရုံကြီး၌ (၄)မြွှာပူးမွေးဖွားသောမိခင်နှင့် ကလေးဆုထောက်ပံ့ပေးအပ်ခြင်း



လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစန်းစန်းအေးသည် ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးမှ ညွှန်ကြားရေးမှူး ဒေါ်လှဲ့ယဉ်ဝင်း၊ အထူးကုဆေးရုံကြီး၊ ကုတင် (၅၀၀) ရန်ကုန် ဆေးရုံအုပ်ကြီး ဒေါက်တာအောင်လင်းအေးနှင့် တာဝန် ရှိသူများသည် ရန်ကုန်မြို့ ဗဟိုအမျိုးသမီးဆေးရုံကြီး ဝန်းအတွင်းသို့ သွားရောက်၍ မွေးကင်းစကလေး အထူး ကြပ်မတ်ကုသဆောင်တွင် စောင့်ရှောက်ထားသော (၄)မြွှာပူး ကလေးများကို သွားရောက်ကြည့်ရှုခဲ့ပြီး မိဘများအား လူမှုဝန်ထမ်းဦးစီးဌာနမှ ထောက်ပံ့ငွေ ၁၀,၀၀,၀၀၀/- (ကျပ်တစ်ဆယ်သိန်းတိတိ)ကို ပေးအပ် ခဲ့ပါသည်။

(၄) မြွှာပူး (မိန်းကလေး (၄) ဦး)အား ပဲခူးတိုင်း ဒေသကြီး၊ သက္ကလမြို့နယ်၊ ကျွဲထီးရိုးကျေးရွာနေ ဦးကာဆင်+ ဒေါ်ဝင်းမာထွန်းတို့မှ ၆.၃.၂၀၂၅ ရက်နေ့ တွင် မွေးဖွားခဲ့ခြင်းဖြစ်ပြီး လူမှုဝန်ထမ်းဦးစီးဌာန အနေဖြင့် ကလေးများ၏ဘဝ လုံခြုံမှုရှိစေရေးအတွက် မိဘများအလုပ်အကိုင်ရရှိရေးကိုလည်းစီစဉ်ဆောင်ရွက် ပေးလျက်ရှိကြောင်း သတင်းရရှိပါသည်။

## အိမ်တွင်းလျှပ်စစ်သွယ်တန်းတပ်ဆင်ခြင်း နှင့် MSME ဖွံ့ဖြိုးတိုးတတ်ရေးဆိုင်ရာ Basic Motor Control သင်တန်းဖွင့်ပွဲ အခမ်းအနား



၁၇.၃.၂၀၂၅ ရက်နေ့တွင် ကျွမ်းကျင်မှု လေ့ကျင့်ရေး သင်တန်းကျောင်း (မန္တလေး)၌ အလုပ် သမားဝန်ဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ဖွင့်လှစ်သောအိမ်တွင်းလျှပ်စစ်သွယ်တန်းတပ်ဆင်ခြင်း သင်တန်း၊ အမှတ်စဉ် (၁/၂၀၂၅)နှင့် MSME ဖွံ့ဖြိုး တိုးတတ်ရေးဆိုင်ရာ Basic Motor Control သင်တန်း၊ အမှတ်စဉ်(၁/၂၀၂၅)တို့အား ၁၇.၃.၂၀၂၅ ရက်မှ ၃၁.၃.၂၀၂၅ ရက်ထိ ဖွင့်လှစ်သင်ကြားပေးသွားမည် ဖြစ်ပါသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ အလုပ်သမား ဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ အလုပ်သမား ညွှန်ကြားရေးဦးစီးဌာနမှ တိုင်းဦးစီးမှူးဦးဇာနည်မောင်၊ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း(မန္တလေး)မှ သင်တန်းနည်းပြများနှင့်တာဝန်ရှိသူများ၊မန္တလေးလူငယ် သင်တန်းကျောင်းမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဇင်ထွန်းနှင့် သင်တန်းသား(၃၀)ဦးတက်ရောက် ခဲ့ကြပါသည်။

## ဝန်ထမ်းများလုပ်ငန်းခွင် အကြိုသင်တန်းဖွင့်လှစ်ခြင်း



မန္တလေးတိုင်းဒေသကြီး၊ လူမှုဝန်ထမ်းဦးစီးမှူးရုံးမှ ကြီးမှူး၍ ဝန်ထမ်းသစ်များ လုပ်ငန်းခွင်အကြိုသင်တန်းအား နံနက် ၉း၀၀နာရီမှ ညနေ ၄း၀၀နာရီ အချိန်ထိ မန္တလေးတိုင်းဒေသကြီး၊ လူမှုဝန်ထမ်းဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ၁၇-၃-၂၀၂၅ ရက်မှ ၂၈-၃-၂၀၂၅ ရက်ထိ သင်တန်းသား ၁၉ ဦးဖြင့် ဖွင့်လှစ်သင်ကြားပို့ချပေးလျက်ရှိပါသည်။ သင်တန်း၌ လူမှုဝန်ထမ်း ဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော လုပ်ငန်းကြီး (၇)ရပ်အကြောင်း ကို သိရှိနားလည်စေရန်၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ ရုံးလုပ်ငန်းလက်စွဲစာအုပ်ပါ လိုက်နာရမည့်အချက်များနှင့် ကလေးသူငယ်ကာကွယ် စောင့်ရှောက်ရေးနှင့် လုပ်ငန်းခွင်သို့ဝင်ရောက်သည့်အခါ လုပ်ငန်းများ၏ သဘောတရားကို သိရှိနားလည်စေပြီး လွယ်ကူချောမွေ့စွာ လုပ်ကိုင်ဆောင်ရွက်တတ်စေရန် ရည်ရွယ်၍ ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ပါသည်။



## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၅ခုနှစ်၊ မတ်လအတွင်း သဘာဝဘေးအသိပညာပေးဟောပြောပွဲပြုလုပ်ခြင်း



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၅ ခုနှစ်၊ မတ်လ(၁)ရက်နေ့မှ (၃၁)ရက်နေ့အထိ တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးရုံးများ ဖြစ်သော မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်းနှင့် ကျောက်ဆည်ခရိုင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မိတ္ထီလာခရိုင် သူနာပြုသင်တန်းကျောင်း၊ တံတားဦးမြို့နယ်၊ အ.ထ.က (တောင်ဘီလူ)၊ အ.မ.က(ဆင်ကျုံး)၊ လူငယ်နွေရာသီအားကစား (ဘောလီဘော)ကျောင်း၊ မဟာအောင်မြေ၊ ပြည်ကြီးတံခွန်မြို့နယ်ရှိ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ Community Centr တို့တွင် လည်းကောင်း၊ရောတီတိုင်းဒေသကြီး၊မော်လမြိုင်ကျွန်းမြို့နယ်၊ စော်ကဲချောင်းကျေးရွာအုပ်စု၊ သက်ဆိုင်ရာတာဝန်ရှိသူများသည်ဆရာ/ဆရာမများ၊ကျောင်းသား/ကျောင်းသူများ၊ ရွာသူ/ရွာသားများ စုစုပေါင်း (၄၅၅)ဦးတို့အား သဘာဝဘေးနှင့် ပတ်သက်၍ ဆောင်ရန်/ရှောင်ရန်အချက်များအား အသိပညာပေး ဟောပြောခြင်း၊ လက်ကမ်းစာဆောင်များ၊ နံရံကပ် ပိုစတာနှင့် ဗီးနိုင်းပိုစတာများဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၅ခုနှစ်၊ မတ်လအတွင်း သင်တန်းဖွင့်လှစ်ခြင်း



မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးမှတာဝန်ရှိသူများသည် မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ပြည်ကြီးတံခွန်မြို့နယ်ရှိ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီး ဌာန၊ Community Centre တွင် မြို့နယ်အဆင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု သင်တန်းကို (၁၉-၃-၂၀၂၅) ရက်နေ့မှ (၂၁-၃-၂၀၂၅) ရက်နေ့အထိ ပြည်ကြီးတံခွန်မြို့နယ် အတွင်းရှိ သက်ဆိုင်ရာဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များမှ သင်တန်းသား/ သူ (၃၀) ဦးဖြင့် ဖွင့်လှစ်ခဲ့ပြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဘာသာရပ်များကို ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ နည်းပြများ၊ မိုးလေဝသနှင့် ဇလဗေဒဌာနကြားမှု ဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေး ဦးစီးဌာနနှင့် ကြက်ခြေနီသူနာပြုတပ်ဖွဲ့တို့မှ နည်းပြများမှ ကဏ္ဍအလိုက် သင်ခန်းစာများအား ပူးပေါင်းပါဝင် ဆွေးနွေးပို့ချခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၅ခုနှစ်၊ မတ်လအတွင်း မီးဘေးထောက်ပံ့ခြင်း



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၅ ခုနှစ်၊ မတ်လ(၁) ရက်နေ့မှ (၃၁)ရက်နေ့အထိ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ်ရှိ(၄)ရပ်ကွက်၌လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့နယ်၊ မင်းစုရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ် အရှေ့ရပ်ကွက်၊ ပုသိမ်ကြီးမြို့နယ်ရှိ အိုင်းကြီးကျေးရွာ၊ မိတ္ထီလာမြို့နယ်ရှိ ပေါက်ချောင်းရပ်ကွက်၊ နယ်မြေ(၈)၊ ပျော်ဘွယ်မြို့နယ်ရှိမိုးနံကုန်းကျေးရွာအုပ်စု၊အုတ်ဆပွင့်ကျေးရွာ၊ ချမ်းအေးသာစံမြို့နယ်၊ကန်ကောက်ရပ်ကွက်၊ မြင်းခြံမြို့နယ်ရှိ၊ ရွာစည်ကျေးရွာအုပ်စု၊ ရွာစည် (တ) ကျေးရွာတို့၌လည်းကောင်း၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့ရှိ ရတနာသီရိရပ်ကွက်၊ နမ(၆)၊ ညောင်ရွှေဟော်ကုန်းရပ်ကွက်၊ နမ(၁၀)တို့၌လည်းကောင်း၊ ကယားပြည်နယ်၊ ဘော်လခဲမြို့နယ်၊ ရှမ်းပိုင်ရပ်ကွက် (ကွက်သစ်) ၌လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ငပုတောမြို့နယ်၊ ဟိုင်းကြီးကျွန်းမြို့၊အမှတ်(၃)ရပ်ကွက်၊ အရှေ့ပိုင်းရပ်ကွက်၊ ဖျာပုံမြို့နယ်၊ဒေးဒလူကျေးရွာအုပ်စု၊ ချောင်းဝကျေးရွာတို့၌ လည်းကောင်း မီးဘေး သင့် ပြည်သူလူထုဦးရေ (၂၃၃) ဦးတို့အတွက် ဆန်ရိက္ခာ၊ကယ်ဆယ်ရေးပစ္စည်း(၁၆)မျိုးနှင့်အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေတို့ကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်ဦးစီးမှူးများမှ သွားရောက် ထောက်ပံ့ခဲ့ကြပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၅ခုနှစ်၊ မတ်လအတွင်း လေဘေးထောက်ပံ့ခြင်း



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၅ ခုနှစ်၊ မတ်လ(၁) ရက်နေ့မှ (၃၁)ရက်နေ့အထိ ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်၊ ဒေါဖျာကျေးရွာအုပ်စုရှိ ဒေါဖျာကျေးရွာ၌ လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ သာပေါင်းမြို့နယ်၊ ကမ္ဘဲ့ညောင်ကုန်းအုပ်စု၊ စက်ဒေါင့်ကြီးကျေးရွာ၌လည်းကောင်း၊ မြောင်းမြခရိုင်၊ လေးအိမ်တန်းကျေးရွာအုပ်စု၊ လေးအိမ်တန်းကျေးရွာ၊ မြင်းကချောင်းကျေးရွာ၌ လည်းကောင်း၊ ရှမ်းပြည်နယ်၊ ကျိုင်းတုံမြို့နယ်၊ ပန်မတ်ကျေးရွာအုပ်စု၊ နားအုပ် ကျေးရွာ၌ လည်းကောင်း လေပြင်းဘေးသင့်ပြည် သူလူထုဦးရေ (၁၇၆)ဦးတို့အတွက် ဆန်ရိက္ခာ၊ ကယ်ဆယ်ရေး ပစ္စည်း(၁၆)မျိုးနှင့် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေ တို့ကို သက်ဆိုင်ရာတိုင်း ဒေသကြီး/ ပြည်နယ်/ ခရိုင် ဦးစီးမှူးများမှ သွားရောက်ထောက်ပံ့ခဲ့ကြပါသည်။



## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၅ခုနှစ်၊ မတ်လအတွင်း ကမ်းပြိုဘေးထောက်ပံ့ခြင်း



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၅ ခုနှစ်၊ မတ်လ(၁) ရက်နေ့မှ (၃၁)ရက်နေ့အထိ ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့နယ်၊ကံဘက်ကျေးရွာအုပ်စု၊လေးအိမ်တန်းကျေးရွာ၊ ညောင်တုန်းမြို့နယ်၊ ဆားမလောက်ကျေးရွာအုပ်စု၊ ဆားမလောက်ကျေးရွာ၊ မအူပင်မြို့နယ်၊ ဝါးတော ကျေးရွာအုပ်စု၊ ထနီဒေါင့်ကျေးရွာ၊ မော်လမြိုင်ကျွန်း မြို့နယ်၊ စော်ကဲချောင်း ကျေးရွာအုပ်စု၊ စော်ကဲချောင်း ကျေးရွာတို့၌ ကမ်းပြိုဘေးသင့် ပြည်သူလူထုဦးရေ (၉၄)ဦးတို့အတွက် ဆန်ရိက္ခာ၊ ကယ်ဆယ်ရေး ပစ္စည်း (၁၆)မျိုးနှင့် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေတို့ကို သက်ဆိုင်ရာတိုင်း ဒေသကြီး/ ပြည်နယ်/ ခရိုင်ဦးစီးမှူး များမှ သွားရောက် ထောက်ပံ့ခဲ့ကြပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၅ခုနှစ်၊ မတ်လအတွင်း မိုးကြိုးဘေးထောက်ပံ့ခြင်း

(၁၁-၃-၂၀၂၅) ရက်နေ့တွင် ရန်ကုန်တိုင်း ဒေသကြီး၊ သန်လျင်ခရိုင်၊ ခရမ်းမြို့နယ်၊ ကွင်းလျား ရှည်ကျေးရွာအုပ်စု၊ တိုးချောင်းစုကျေးရွာ၌ မိုးကြိုးဘေး ဖြစ်ပွားခဲ့မှုကြောင့် သေဆုံးသူ (၁) ဦး အတွက် သေဆုံး

ထောက်ပံ့ငွေကျပ် (၃၀၀,၀၀၀/-) အား (၁၈-၃-၂၀၂၅) ရက်နေ့တွင် ရန်ကုန်တောင်ပိုင်း ခရိုင်ဦးစီးမှူးရုံးမှ သွားရောက် ထောက်ပံ့ခဲ့ပါသည်။

(၂၅-၂-၂၀၂၅) ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့နယ်၊ ယင်းဆယ်အုပ်စု၊ ယင်းဆယ်ကျေးရွာ၌ မိုးကြိုးဘေးဖြစ်ပွားခဲ့မှုကြောင့် သေဆုံးသူ (၁) ဦးအတွက် သေဆုံး ထောက်ပံ့ငွေကျပ် (၃၀၀,၀၀၀/-) အား (၁၈-၃-၂၀၂၅) ရက်နေ့တွင် လေးမျက်နှာမြို့နယ်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၅ခုနှစ်၊ မတ်လအတွင်း လေျင်ဘေးထောက်ပံ့ခြင်း



(၅-၃-၂၀၂၅) ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နယ်၊ အမှတ် (၁) ရပ်ကွက်၊ မြမင်္ဂလာ (၃) လမ်းတွင် လေျင်ဘေးဖြစ်ပွားခဲ့မှုကြောင့် ပြိုကျပျက်စီးလူနေအိမ် (၁) လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေကျပ် (၁၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၇) ဦးအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၁၄,၇၀၀/-)၊ ဒဏ်ရာရရှိသူ (၃) ဦးအတွက် ဒဏ်ရာရ ထောက်ပံ့ငွေကျပ် (၁၅၀,၀၀၀/-)နှင့် ကယ်ဆယ်ရေးပစ္စည်း (၁၆) မျိုးတို့ကို (၅-၃-၂၀၂၅) ရက်နေ့တွင် မအူပင်မြို့နယ်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

(၅-၃-၂၀၂၅) ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နယ်၊ အမှတ် (၃) ရပ်ကွက်၊ ဘုရားလမ်းနှင့် တေဇလမ်းဒေါင့်၌ လေျင်ဘေးဖြစ်ပွားခဲ့မှုကြောင့် တစ်စိတ်တစ်ပိုင်းပျက်စီး လူနေအိမ် (၁) လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၅၀,၀၀၀/-)၊ ဘေးသင့် လူဦးရေ (၅) ဦးအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၁၀,၅၀၀/-) တို့ကို (၂၁-၃-၂၀၂၅) ရက်နေ့တွင် မအူပင်မြို့နယ်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၅ခုနှစ်၊ မတ်လအတွင်း တောဆင်ရိုင်းဘေးထောက်ပံ့ခြင်း



(၂၂-၂-၂၀၂၅) ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ သာပေါင်းမြို့နယ်၊ ကျွန်းလျားကြီး ကျေးရွာအုပ်စု၊ ရေလိမ်ကျေးရွာ၌ တောဆင်ရိုင်းဝင်ရောက်မှုကြောင့် သေဆုံးသူ (၁) ဦး အတွက် သေဆုံးထောက်ပံ့ငွေကျပ်(၃၀၀,၀၀၀/-)ကို (၁၆-၃-၂၀၂၅) ရက်နေ့တွင် သာပေါင်း မြို့နယ်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၅ခုနှစ်၊ မတ်လအတွင်း ထူးခြားဖြစ်စဉ်ဘေးထောက်ပံ့ခြင်း



(၁၄-၁၁-၂၀၂၄) ရက်နေ့အထိစားရင်းရှိကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်အတွင်း လက်နက်ကိုင်သောင်းကျန်းသူ အဖွဲ့များ၏ အကြမ်းဖက်မှုကြောင့် ယာယီနေရပ်စွန့်ခွာစခန်းများတွင် တိုက်ပွဲရှောင်ပြည်သူ (၁၇၇၁) ဦးအတွက် ဆန်ရိက္ခာဖိုး (၁)လစာထောက်ပံ့ငွေကျပ် (၁၅,၉၃၉,၀၀၀/-) အား (၁၈-၃-၂၀၂၅) ရက်နေ့တွင် ကယားပြည်နယ်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

(၁၂-၂-၂၀၂၅) ရက်နေ့တွင် ရှမ်းပြည်နယ်၊ ပအိုဝ်းကအဒ၊ ဆီဆိုင်မြို့နယ်၊ မြကန်သာ ရပ်ကွက်၊ ရေထွက်ဦးဇဝနရာမစာသင်တိုက်၌ ဖုံးစထိမှန်ဒဏ်ရာရရှိသူ ကိုရင် (၁)ပါးအတွက် ဒဏ်ရာရထောက်ပံ့ငွေကျပ် (၅၀,၀၀၀/-) အား (၆-၃-၂၀၂၅)ရက်နေ့တွင် ဆီဆိုင် မြို့နယ်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

## ရပ်ရွာအခြေပြုပြန်လည်ထူထောင်ရေးသင်တန်း အမှတ်စဉ်(၁/၂၀၂၅) သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပခြင်း



မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း (ကျိုင်းတုံ) ၌ ရပ်ရွာအခြေပြုပြန်လည်ထူထောင်ရေး သင်တန်းအမှတ်စဉ် (၁/၂၀၂၅) ကို ကျိုင်းတုံမြို့နယ်၊ ယန်းခအုပ်စု၊ ခြေလှမ်းသစ်ဂေဟာ၌ ၁၇-၂-၂၀၂၅ ရက်နေ့မှ ၂၈-၃-၂၀၂၅ ရက်နေ့အထိ သင်တန်းသား (၃၀) ဦးဖြင့် သင်တန်းကာလ (၄၀) ရက်ကြာဖွင့်လှစ် ဆောင်ရွက်လျက်ရှိပြီး ၂၈-၃-၂၀၂၅ ရက်နေ့တွင်သင်တန်းဆင်းပွဲအခမ်းအနားကျင်းပပြုလုပ်ခဲ့ရာခရိုင်လူမှုဝန်ထမ်းရုံးမှ ဒုတိယညွှန်ကြားရေးမှူး က အဖွင့်အမှာစကားပြောကြား ခဲ့ပါသည်။



အဆိုပါ သင်တန်းဆင်းပွဲ အခမ်းအနားတွင် ခရိုင်လူမှုဝန်ထမ်းရုံးမှ ဒုတိယညွှန်ကြားရေးမှူး၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဖိတ်ကြားထားသော ဧည့်သည်များ၊ သင်တန်းသားများ စုစုပေါင်း ၅၀ ဦး တက်ရောက်ခဲ့ပါကြောင်း သတင်းရရှိပါသည်။



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ်၊ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း နေပြည်တော်ရှိ ငလျင်ဘေးဒဏ်ထိခိုက်ခံရသည့်နေရာများသို့ ကြည့်ရှုစစ်ဆေး





**၂၀၂၅ ခုနှစ်၊ မတ်လ ၂၉ ရက်** **နေပြည်တော်**

အမျိုးသား သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံ အုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် အဖွဲ့ဝင်များနှင့်အတူ ငလျင်ဘေးဒဏ်ကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် နေပြည်တော် ကောင်စီနယ်မြေ၊ လယ်ဝေးမြို့သို့ လည်းကောင်း၊ ဇမ္ဗူသီရိမြို့နယ်၊ ဗလသိဒ္ဓိရပ်ကွက်ရှိ ဝန်ထမ်းအိမ်ရာများသို့ လည်းကောင်း သွားရောက် ကြည့်ရှု စစ်ဆေးပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို လိုက်လံကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကိုမှာကြားခဲ့ပါသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နေပြည်တော် (ခုတင် ၁၀၀၀) ဆံ့ အထွေထွေ ရောဂါကုဆေးရုံကြီးသို့ သွားရောက် ကြည့်ရှုစစ်ဆေးပြီး ဆေးရုံတက်လူနာများအတွက် ယာယီကုသဆောင်များ ထားရှိရန် စီစဉ်နေမှု၊ ဆေးရုံတက်လူနာများအတွက် လိုအပ်သော သောက်သုံးရေရရှိရေး စီစဉ်ဆောင်ရွက် ထားရှိမှုများနှင့် ဆေးရုံကြီးရှိ ကုသဆောင်အလိုက် အဆောက်အဦ ကြံ့ခိုင်မှုဆိုင်ရာများကို လိုက်လံ ကြည့်ရှု စစ်ဆေးခြင်းနှင့် တပ်မတော်ဆေးရုံကြီးမှ ရွှေ့လျား ခွဲစိတ်ကုသယာဉ်နှင့် ဓာတ်မှန်ယာဉ်များ ကူညီပို့ဆောင် ပေးရန်ကိစ္စအပါအဝင် တာဝန်ရှိသူများ၏ တင်ပြချက် များအပေါ် လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက် ပေးခဲ့ပါသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင် များသည် ခုတင်-၃၀၀ ဆံ့ သားဖွားမီးယပ်ဆေးရုံနှင့် နေပြည်တော်တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) သို့ သွားရောက်၍ ဆေးရုံတက်ရောက်ကုသမှု ခံယူ လျက်ရှိသည့် တပ်မတော်သား မိသားစုဝင်များနှင့် အရပ်သားပြည်သူများအား လိုအပ်သည့်ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ပေးနေမှုနှင့် ခွဲစိတ်ခန်း များနှင့် ဆေးရုံသုံးပစ္စည်းများ အသင့်ပြင်ဆင်ထားရှိ မှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးပြီး ဆေးရုံတက် လူနာများအတွက် ချီးမြှင့်ငွေများပေးအပ်ခဲ့ပါသည်။